# اللَّهُمَّ اكْفِنِي بِحَلَالِكَ عَنْ حَرَامِكَ، وَأَغْنِنِي بِفَضْلِكَ عَمَّنْ سِوَاكَ

(အဓိပ္ပာယ် ) "အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ် ခွင့်ပြုတော်မူအပ်သောအရာ (ဟလာလ်)ဖြင့် အရှင်မြတ် တားမြစ်တော်မူအပ်သောအရာ(ဟရာမ်)မှ ကျွန်တော်မျိုးကို လုံလောက်စေတော်မူပါ၊ အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အရှင်မြတ်မှတစ်ပါး အခြားသူများထံမှ ကင်းလွတ်၍ ကြွယ်ဝချမ်းသာစေတော်မူပါ ”။

အလီ (ရသွိယလ္လာဟုအန်ဟု) ထံမှ ဆင့်ပြန်ခဲ့သည်။ ၎င်းထံသို့ မိမိ၏လွတ်မြောက်ရေးအတွက် ငွေပေးချေရန် စာချုပ်ချုပ်ဆိုထားသော ကျွန်တစ်ဦးသည် လာရောက်၍ "ကျွန်ုပ်၏ ငွေပေးချေမှုစာချုပ်ကို ဆက်လက်ပေးဆပ်ရန် မတတ်စွမ်းနိုင်တော့ပါ။ သို့ပါ၍ ကျွန်ုပ်အား ကူညီပါ။ " ဟု လျှောက်ထားခဲ့သည်။ ထိုအခါ အလီ(ရသွိယလ္လာဟုအန်ဟု)က တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ် )က ကျွန်ုပ်အား သင်ပေးတော်မူခဲ့သော စကားလုံးအချို့ကို သင်အား သင်ကြားပေးရမည်လော။ အကယ်၍ သင့်၌ စိုင်ရ်တောင်လောက်ကြီးသော ကြွေးမြီရှိခဲ့လျှင်လည်း အလ္လာဟ်အရှင်မြတ်သည် သင့်အတွက် ၎င်းကို ဖြေရှင်းပေးတော်မူလိမ့်မည်။ အလီ(ရသွိယလ္လာဟုအန်ဟု)က မိန့်ကြားသည်မှာ - အသင် ဤသို့ ရွတ်ဆိုပါ- اللَّهُمَّ اكْفِنِي بِحَلَالِكَ عَنْ حَرَامِكَ، وَأَغْنِنِي بِفَضْلِكَ عَمَّنْ سِوَاكَ (အဓိပ္ပာယ် ) "အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ် ခွင့်ပြုတော်မူအပ်သောအရာ (ဟလာလ်)ဖြင့် အရှင်မြတ် တားမြစ်တော်မူအပ်သောအရာ(ဟရာမ်)မှ ကျွန်တော်မျိုးကို လုံလောက်စေတော်မူပါ၊ အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အရှင်မြတ်မှတစ်ပါး အခြားသူများထံမှ ကင်းလွတ်၍ ကြွယ်ဝချမ်းသာစေတော်မူပါ”။

[حسن] [رواه الترمذي]

လူတစ်ဦးသည် အမီးရုလ်မုအ်မိနီးန် အလီဘင်န်အဘီဆွာလိဗ် (ရသွိယလ္လာဟုအန်ဟု) ထံသို့ ကျွန်အဖြစ်ရောက်ရှိလာ၏။ ထိုသူသည် မိမိသခင်၏နှင့် လွတ်မြောက်ရေးစာချုပ် ချုပ်ဆိုထားပြီး မိမိကိုယ်ကို ဝယ်ယူကာ လွတ်မြောက်စေရန် သဘောတူထားသော်လည်း ၎င်း၌ ငွေကြေးမရှိချေ။ ထိုအခါ သူက ပြောလေ၏ - ကျွန်ုပ်သည် ကျွန်ုပ်အပေါ်၌ရှိသော ပေးဆပ်ရန်ကျန်ရှိသည့် ပမာဏကို ဆပ်နိုင်တော့မည် မဟုတ်ပါ။ ထို့ကြောင့် အသင်သည် ကျွန်ုပ်အား ငွေကြေးဖြင့်ဖြစ်စေ၊ သို့မဟုတ် ပညာသင်ကြားပေးခြင်းနှင့် လမ်းညွှန်ခြင်းဖြင့်ဖြစ်စေ ဤအကြွေးကို ပေးဆပ်ရာတွင် ကူညီပေးပါ။ ထိုအခါ အမီးရုလ်မုအ်မိနီးန် အလီဘင်န်အဘီဆွာလိဗ် (ရသွိယလ္လာဟုအန်ဟု)က သူ့အား ပြောကြားသည်မှာ- တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ် )က ကျွန်ုပ်အား သင်ပေးတော်မူခဲ့သော စကားလုံးအချို့ကို သင်အား သင်ကြားပေးရမည်လော။ အကယ်၍ သင့်၌ သိုင်ယ်မျိုးနွယ်စုတွင်ရှိသော စိုင်ရ်အမည်ရှိတောင်လောက်ကြီးသော ကြွေးမြီရှိခဲ့လျှင်လည်း အလ္လာဟ်အရှင်မြတ်သည် ယင်းကြွေးမြီကို ၎င်း၏ပိုင်ရှင်ထံသို့ ပေးဆပ်စေတော်မူမည်ဖြစ်ပြီး သင့်အား ၎င်း၏ အရှက်တကွဲပြုလုပ်ခြင်းမှ လွတ်မြောက်စေတော်မူမည် ဖြစ်သည်။ ထို့နောက်

အလီ (ရဍွိယလ္လာဟုအန်ဟု )က မိန့်ကြားသည်မှာ - အသင် ဤသို့ ရွတ်ဆိုပါ - အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအား အရှင်မြတ် ခွင့်ပြုတော်မူသောအရာ (ဟလာလ်) ဖြင့် လုံလောက်စေတော်မူပြီး၊ အရှင်မြတ် တားမြစ်တော်မူသောအရာ (ဟရာမ်) သို့ ကျရောက်ခြင်းမှ ကင်းဝေးစေတော်မူပါ။ အရှင်မြတ်၏ ကျေးဇူးတော်နှင့် ရက်ရောတော်မူမှုဖြင့် ကျွန်တော်မျိုးအား ကြွယ်ဝချမ်းသာစေတော်မူပါ။ အရှင်မြတ်မှတစ်ပါး အခြားသော ဖန်ဆင်းခံသတ္တဝါတို့ထံမှ ကင်းလွတ်လုံလောက်စေတော်မူပါ။

http://www.sunnah.global/hadeeth/my/show/5884